# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၉၉ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက် )

## ဝန်ထမ်းနေ‌ရေးဗဟိုရန်ပုံငွေ (Central Provident Fund – CPF) အကောင်အထည်ဖော်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်တွင် နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ လစဉ်ပင်စင်ထောက်ပံ့နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ကိုယ်ပိုင်အိမ်ရာနေထိုင်နိုင်ရေးတို့အတွက် **“ဝန်ထမ်းနေရေးဗဟိုရန်ပုံငွေ (Central Provident Fund – CPF) အကောင်အထည်ဖော်ရေးကော်မတီ ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးရာဌာနကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | အဖွဲ့ဝင် |
| (ဂ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း<br>ကြီးကြပ်ရေးကော်မရှင်ရုံး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |

(ဘ) ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး
ပင်စင်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ထ) ဒုတိယညွှန်ကြားရေးမှူးချုပ် | တွဲဖက်အတွင်းရေးမှူး
ပင်စင်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ ဝန်ထမ်းနေထိုင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund-CPF) အကောင်အထည်ဖော်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေရှည်တွင် တည်တံ့ခိုင်မြဲသည့် အမျိုးသားပင်စင်စနစ် (National Pension System)ပေါ်ပေါက်ကျင့်သုံးခြင်း၊

(ခ) လက်ရှိနိုင်ငံ့ဝန်ထမ်းပင်စင်စနစ်၊ လူမှုဖူလုံရေးစနစ်နှင့် သက်ကြီးရွယ်အိုထောက်ပံ့မှုစနစ်များအရ မြန်မာနိုင်ငံနှင့်သင့်လျော်သည့် ဝန်ထမ်းနေထိုင်ရေးဗဟိုရန်ပုံငွေပုံစံမူကြမ်းဖော်ဆောင်ခြင်း၊

(ဂ) လက်ရှိနိုင်ငံ့ဝန်ထမ်းပင်စင်စနစ်အား ပိုမိုထိရောက်စွမ်းဆောင်ရည်ရှိပြီး မှီခိုအားထားနိုင်သည့် အမျိုးသားပင်စင်စနစ် ဖြစ်ပေါ်စေခြင်း၊

(ဃ) ဝန်ထမ်းတို့၏ ဘဝနေထိုင်ရေးအတွက် ဝန်ထမ်းနေထိုင်ရေးဗဟိုရန်ပုံငွေကို အခြေခံ၍ ခံစားခွင့်ပြုသည့်စနစ်သို့ ပြောင်းလဲခြင်း၊

(င) အငြိမ်းစားလစာများ ပေးအပ်ရာတွင် ဘဏ္ဍာရေးအရ ရေရှည်ခံနိုင်ဝန်အားရှိစေရေးအတွက် အလေးပေးဆောင်ရွက်ခြင်း၊

(စ) ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ နိုင်ငံတကာအတွေ့အကြုံရှိသည့် အတိုင်ပင်ခံပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ဝန်ထမ်းနေထိုင်ရေးဗဟိုရန်ပုံငွေဥပဒေနှင့် နည်းဥပဒေပြဋ္ဌာန်းအကောင်အထည်ဖော်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ဝန်ထမ်းနေထိုင်ရေးဗဟိုရန်ပုံငွေအတွက် ဆက်လက်အကောင်အထည်ဖော်နိုင်သည့် Master Plan နှင့် Action Plan အရ ဆက်လက်ဆောင်ရွက်ခြင်း၊

(ဈ) Master Plan နှင့် Action Plan များအရ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

၃။ ကော်မတီသည် လိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၄ - ၃ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၁ / ၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး